
# တောင်အာဖရိကနိုင်ငံ၏ဆန်စျေးကွက်နှင့် ဆန်တင်ပို့နိုင်မှုအခြေအနေ

## တောင်အာဖရိကနိုင်ငံ၏ဆန်ထုတ်လုပ်မှုနှင့် စားသုံးမှု

၁။ တောင်အာဖရိကနိုင်ငံပြည်သူများအကြား ဆန် သည်တဖြည်းဖြည်းနှင့်နေ့စဉ် ပိုမိုစားသုံးလာသောအဓိကအစားအစာဖြစ်လာသည်။ ၂၀၁၉ ခုနှစ်အတွင်း တောင်အာဖရိကနိုင်ငံ၏ ဆန်စားသုံးမှုသည် တန်ချိန်ပေါင်း ၉၂၅,၀၀၀ အထိရှိလာပြီး ၂၀၁၅ ခုနှစ်နှင့်နှိုင်းယှဉ်လျှင် ၁၁.၉ ရာခိုင်နှုန်းအထိမြင့်တက်လာခဲ့သည်။ ဆန်စားသုံးမှုမြင့်တက်လာရခြင်းအကြောင်းရင်းသည် တောင်အာဖရိကနိုင်ငံအနေဖြင့် အဆိုပါကာလအတွင်း မိုးခေါင်ရေရှားပြီး ပြောင်းစျေးနှုန်းမြင့်တက်လာမှုကြောင့် ဆန်ကိုပိုမိုစားသုံးလာရခြင်းဖြစ်သည်။ တောင်အာဖရိကစားသုံးသူများအနေဖြင့် ဆန်၊ ပြောင်းနှင့် ဂျုံကိုစျေးနှုန်းသက်သာသည့် အပေါ်တွင်မူတည်ပြီး စားသုံးမှုကိုရွေးချယ်သည့် အလေ့အကျင့်ရှိသည်။ တောင်အာဖရိကနိုင်ငံဆန်စားသုံးမှု၏ ၉၀ ရာခိုင်နှုန်းကျော်သည် ပြုတ်ဆန် (Parboiled rice) အမျိုးအစားဖြစ်သည်။ ဘာစမာတီ ဆန်သည်လည်း အဓိကစားသုံးသည့် ဆန်အမျိုးအစားတစ်မျိုးဖြစ်သည်။ တောင်အာဖရိကနိုင်ငံအနေဖြင့်တစ်နှစ်လျှင်ဆန်တန်ချိန် ၃၀၀၀ သာ ထုတ်လုပ်နိုင်သည့်အတွက် တစ်နှစ်ပျှမ်းမျှစားသုံးသည့် တန်ချိန် ၉၁၀,၀၀၀ အတွက်ကာမိအောင် မထုတ်လုပ်နိုင်သည့်အတွက် တောင်အာဖရိကနိုင်ငံအနေဖြင့် အသားတင်ဆန်တင်သွင်းသည့်နိုင်ငံအဖြစ်ရပ်တည်နေရလျက်ရှိသည်။

## တောင်အာဖရိကနိုင်ငံဆန်ထုတ်လုပ်နိုင်မှုအခြေအနေပြဇယား




မူရင်းဇစ်မြစ်၊ RSA Group

**တောင်အာဖရိကနိုင်ငံသို့ ဆန်တင်သွင်းမှု နှင့်ဆန်ပြန်လည်တင်ပို့မှုအခြေအနေ**

၂။ တောင်အာဖရိကနိုင်ငံသည် ၂၀၁၅ ခုနှစ်မှစ၍ ၂၀၁၉ ခုနှစ်အထိ အသားတင် ဆန်တင်သွင်းသည့်နိုင်ငံအဖြစ်ရပ်တည်ခဲ့သည်။ တင်သွင်းမှုသည် ရာခိုင်နှုန်းအားဖြင့် ၇ ရာခိုင်နှုန်းအထိမြင့်တက်ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၄၁၉.၉၅၅ မီလီယံမှ ၄၅၀.၀၁၀ မီလီယံအထိတိုးတက်လာခဲ့သည်။ တောင်အာဖရိကနိုင်ငံသို့ အဓိကဆန်တင်ပို့သည့် နိုင်ငံနှစ်နိုင်ငံမှာ ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ဖြစ်ပြီး ဆန်တင်သွင်းမှု၏ ၉၅ ရာခိုင်နှုန်းတင်သွင်း လျက်ရှိသည်။ သို့သော် ၂၀၁၅ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်အတွင်း အိန္ဒိယနိုင်ငံမှ ဆန်တင်သွင်းမှုသည် ၁၂ ရာခိုင်နှုန်းနှင့် ထိုင်းနိုင်ငံမှ ၇ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သည်။ အခြားနိုင်ငံများမှ ဆန်တင်သွင်းမှုသည် သိသိသာသာမြင့်တက်လာခဲ့သည်။ အီတလီနိုင်ငံမှ ၉၈ ရာခိုင်နှုန်း၊ ဘယ်လဂျီယံမှ ၅၉ ရာခိုင်နှုန်း၊ နှင့် တရုတ်နိုင်ငံမှ ၄၆ ရာခိုင်နှုန်း အထိရှိလာသည်။

**၂၀၁၉ ခုနှစ်အတွင်းတောင်အာဖရိကနိုင်ငံသို့ဆန်အများဆုံးတင်သွင်းသည့်နိုင်ငံများ၏ဆန်တင်သွင်းမှုအခြေပြဇယား**

| Exporter | 2019 Imports (USD' 000) | Share in RSA's imports (%) | Share of RSA in partner's exports (%) | Qty imported in 2019 (tons) | Unit value (US$/ton) | Growth in imported quantity between 2015-2019 (%, p.a.) | Growth in imported value between 2018-2019 (%, p.a.) |
|---|---|---|---|---|---|---|---|
| World | 449798 | 100 | | 967301 | 465 | 0 | -14 |
| Thailand | 319165 | 71 | 7 | 744769 | 429 | 7 | -9 |
| India | 105388 | 23.4 | 1 | 183341 | 575 | -12 | -21 |
| Pakistan | 9998 | 2.2 | 0.4 | 13343 | 749 | -1 | 119 |
| China | 4088 | 0.9 | 0.2 | 7746 | 528 | 46 | 115 |
| Viet Nam | 3299 | 0.7 | 0.2 | 5299 | 623 | -47 | 39 |
| Italy | 1678 | 0.4 | 0.2 | 1956 | 858 | 98 | -19 |
| Australia | 1157 | 0.3 | | 1278 | 905 | -13 | -33 |
| Uruguay | 734 | 0.2 | 0.3 | 2077 | 353 | 12 | 4 |
| USA | 610 | 0.1 | 0 | 545 | 1119 | 1 | -45 |
| Belgium | 574 | 0.1 | | 242 | 2372 | 59 | 249 |
| Myanmar | 523 | 0.1 | 0 | 1547 | 338 | | |
| Brazil | 465 | 0.1 | 0.1 | 1274 | 365 | -26 | -85 |

မူရင်း‌ဇစ်မြစ်၊ Trade Map (2020)

၃။ ထို့အပြင်တောင်ပိုင်းအာဖရိကန်ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့ (Southern African Development Community –SADC) ဝင်နိုင်ငံများဖြစ်သော လီဆိုသို (Lesotho)၊ နမ်မီဘီယာ (Namibia)၊ အက်စ်ဝါတီနီ(Eswatini)နှင့်ဘော့စ်ဆွာနား(Botswana)တို့သည်လည်း အသားတင်ဆန်တင်သွင်းသည့်နိုင်ငံများအဖြစ် ရပ်တည်နေရသည့်အတွက် အဆိုပါနိုင်ငံများအနေဖြင့် တောင်

အာဖရိကနိုင်ငံ၏ ဆန်လိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်သောနိုင်ငံများအဖြစ်မရှိပဲ တောင်အာဖရိကနိုင်ငံအနေဖြင့် အဆိုပါနိုင်ငံများသို့တစ်ဆင့် ပြန်လည်တင်ပို့နေရသည့်အခြေအနေတွင်ရှိသည်။ ၂၀၁၅ ခုနှစ်မှ၂၀၁၉ ခုနှစ်အတွင်း တောင်အာဖရိကနိုင်ငံမှ ဆန်တင်သွင်းလျက်ရှိသောအဆိုပါနိုင်ငံများ ၏အခြေအနေမှာအောက်ပါအတိုင်းဖြစ်သည်။

**တောင်အာဖရိကနိုင်ငံမှဆန်ပြန်လည်တင်သွင်းသည့်နိုင်ငံများ၏တင်သွင်းမှုအချိုးပြဇယား**

| Importer | Percentage growth in rice net imports between 2015-19 |
|---|---|
| **Southern Africa Aggregation** | **7%** |
| Lesotho | -7% |
| Namibia | 19% |
| Eswatini | 45% |
| Botswana | 15% |
| South Africa | 5% |

မူရင်းဇစ်မြစ်: Trade Map (2020)

**တောင်အာဖရိကနိုင်ငံသို့ မြန်မာနိုင်ငံ၏ဆန်တင်ပို့နိုင်မှုအခြေအနေ**

၄။ မြန်မာနိုင်ငံ၏ တောင်အာဖရိကနိုင်ငံသို့ ဆန်တင်သွင်းမှုသည် ၂၀၁၉ ခုနှစ်အတွင်း စုစုပေါင်းတန်ချိန် ၁,၅၄၇ အထိရှိခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၀.၅၂၃ သန်းသာတင်ပို့နိုင်ခဲ့သည်။ အဆိုပါတင်သွင်းမှုသည် တောင်အာဖရိကနိုင်ငံသို့ စုစုပေါင်းတင်သွင်းမှု၏ ၀.၁ ရာခိုင်နှုန်းသာရှိခဲ့သည်။ သို့သော် မြန်မာနိုင်ငံ၏ ဆန်တင်သွင်းမှုတန်ဖိုးသည် တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၃၈ သာရှိခဲ့ပြီးဈေးအနည်းဆုံးဖြင့်သာတင်သွင်းနိုင်သည့်နိုင်ငံဖြစ်ခဲ့သည်။

**ကိုဗစ်ကာလအတွင်းဆန်တင်ပို့သောနိုင်ငံများ၏ဆန်တင်ပို့မှုအပေါ်ယာယီကန့်သတ်ချက်များနှင့် တောင် အာဖရိကနိုင်ငံ၏စိုးရိမ်မှု**

၅။ ၂၀၂၀ ခုနှစ်နှစ်စတွင် ကိုဗစ်ဖြစ်ပေါ်ခဲ့မှုကြောင့် ဆန်တင်ပို့သည့်နိုင်ငံများအနေဖြင့်၎င်းတို့၏ ပြည်တွင်းစားသုံးမှုဖူလုံစေရန်အတွက် ယာယီတင်ပို့မှုကန့်သတ်ခြင်းများကို ဆောင်ရွက်ခဲ့သည်။ ၂၀၂၀ခုနှစ် မတ်လ ၁၀ ရက်နေ့ထိ ဆန်တင်ပို့သောနိုင်ငံများဖြစ်သော ဗီယက်နမ်၊ ဖိလစ်ပိုင်၊ မြန်မာ၊ မာလီ၊ အိန္ဒိယ၊ ကာဂျစ်စတန်၊ ကမ္ဘောဒီးယား၊ အယ်ဆာဗာဒေါ၊ ရုရှား၊ အာမေနီးယား၊ တာဂျစ်ကစ်စတန်နှင့်ဘယ်လာရစ် စသည့်နိုင်ငံပေါင်း(၁၂)နိုင်ငံမှ ဆန်တင်ပို့မှု ကန့်သတ်ချက်များ ကိုချမှတ်ကျင့်သုံးခဲ့သည်။ သို့သော် အောက်တိုဘာလ ၃၀ ရက်နေ့ အထိလျှော့လာချက်

အရ မြန်မာနိုင်ငံအပါအဝင် အခြားနိုင်ငံများအနေဖြင့် ကန့်သတ်ချက်များကို ဖယ်ရှားလိုက်သော်လည်း အိန္ဒိယ၊ မာလီ၊ ဖိလစ်ပိုင်၊ တာဂျစ်ကစ်စတန် နှင့် Kyrgyzstan နိုင်ငံတို့အနေဖြင့် အချို့ကန့်သတ်ချက်များကိုဖယ်ရှားပေးခြင်းမရှိသေးပေ။ ပနားမားနိုင်ငံအနေဖြင့် ကိုတာကန့်သတ်မှုမြှင့်တင်ခြင်း၊ မာလီနိုင်ငံအနေဖြင့် အကောက်ခွန်တိုးမြှင့်ခြင်း စသည့်ယာယီကန့်သတ်မှုများကို ဆက်လက်ထားရှိလျက်ရှိသည်။

၆။ ထိုသို့ဆန်တင်ပို့မှုကန့်သတ်မှုများကြောင့် ဆန်တင်သွင်းသောနိုင်ငံများတွင် နောက်ဆက်တွဲဈေးနှုန်းမတည်ငြိမ်မှုဖြစ်ပေါ်ခြင်း၊ အစားအစာမဖူလုံမှုဖြစ်ပေါ်ခြင်းနှင့် တစ်ချို့နိုင်ငံများတွင် အစားအစာ လုယက်မှုများဖြစ်ပေါ်နိုင်သည့်အခြေအနေသို့ရောက်ရှိခဲ့သည်။ ထို့ကြောင့်တောင်အာဖရိကနိုင်ငံသည် အဆိုပါဖြစ်စဉ်များကိုထည့်သွင်းစဉ်းစား၍ အသားတင်ဆန်တင်သွင်းနေရသည့် အခြေအနေကိုဖြည့်ဆည်းရန် ဆန်စိုက်ပျိုးထုတ်လုပ်နေသော တောင်အာဖရိကနိုင်ငံသားလယ်သမားများကို ဆန်ပိုမိုထုတ်လုပ်နိုင်ရန်ပံ့ပိုးပေးခြင်း၊ ဆန်စိုက်ပျိုးခြင်းကို မိုးခေါင်သည့်ခြောက်သွေ့သောဒေသများတွင် စိုက်ပျိုးခြင်းထက် အပေါ်ပိုင်းဒေသများတွင် ပိုမိုစိုက်ပျိုးနိုင်ရေးတွန်းအားပေးဆောင်ရွက်စေခြင်း၊ အာဖရိကတစ်တိုက်လုံးဆိုင်ရာလွတ်လပ်သော ကုန်သွယ်မှုဒေသဘောတူညီချက် ( Africa Continental Free Trade Agreement AfCFTA) ကိုအသုံးချ၍ဆန်စိုက်ပျိုးထုတ်လုပ်နိုင်သောနိုင်ငံများက ဆန်စိုက်ပျိုးထုတ်လုပ်မှုတွင် ပိုမိုပူပေါင်းရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်သင့်ကြောင်း စိုက်ပျိုးရေးဆိုင်ရာသုသေတနကောင်စီ၊ အမျိုးသားစိုက်ပျိုးရေးဆိုင်ရာဈေးကွက် ကောင်စီနှင့်မြေယာဘဏ်တို့ ပူးပေါင်းဆောင်ရွက်သည့် သုတေသနပြုမှု၏အကြံပြုချက်တွင်ဖော်ပြခြင်းစသည်တို့ဆောင်ရွက်ခဲ့သည်။

**တောင်အာဖရိကနိုင်ငံသို့ ဆန်တင်ပို့နိုင်မှုအလားအလာ**

၇။ တောင်အာဖရိကနိုင်ငံဈေးကွက်သို့ ဆန်တင်ပို့မည်ဆိုလျှင် တောင်အာဖရိကနိုင်ငံသည် ဆန် ထုတ်လုပ်သော်လည်းပြည်တွင်း စားသုံးမှုကိုဖူလုံအောင် မထုတ်လုပ်နိုင်သေးခြင်း၊ အိမ်နီးချင်းနိုင်ငံများသည်လည်း ဆန်ထုတ်လုပ်နိုင်မှုမရှိသည့်အတွက် တောင်အာဖရိကနိုင်ငံမှ ဆန်ကို ၎င်းအိမ်နီးချင်းနိုင်ငံများသို့ တစ်ဆင့်ပြန်လည် တင်သွင်းနေရခြင်းတို့ရှိသည့်အတွက် တောင်အာဖရိကနိုင်ငံအတွက်ဆန်လိုအပ်ချက် နှစ်စဉ်တိုးတက်နေမည်ဖြစ်သည်။

၈။ ထို့ကြောင့်တောင်အာဖရိကနိုင်ငံအစိုးရအနေဖြင့် ဆန်တင်သွင်းမှုလွယ်ကူချောမွေ့စေရန်အတွက် အကောက်ခွန် သုည ရာခိုင်းနှုန်းသို့ချထားပေးခြင်း၊ တင်သွင်းမှုကုမ္ပဏီများအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်ခြင်းကို တင်သွင်းမှု တန်ဖိုး ရန်း ၅၀,၀၀၀ ကျော်မှသာ တောင်အာဖရိကဘဏ္ဍာရေးဝန်ဆောင်မှုဌာန (The South African Revenue Service– SARS) တွင်ရေးသွင်းရန်

လိုအပ်ခြင်း၊ တင်သွင်းမှုကိုနိုင်ငံခြား သားနှင့်နိုင်သားများပါလွတ်လပ်စွာဆောင်ရွက်နိုင်ခြင်း၊ ဆန်တင်သွင်းမှုအတွက် ပါမစ်၊ လိုင်စင် အားကုန်သွယ်မှု၊ စက်မှုနှင့် ယှဉ်ပြိုင်မှုဝန်ကြီးဌာန (The Department of Trade, Industry and Competition– TDIC) တွင်လျှောက်ထားရန်မလိုဘဲ စိုက်ပျိုးရေးသစ်တောနှင့်ငါးလုပ်ငန်းဝန်ကြီး ဌာန (Department of Agriculture, Forestry and Fisheries– DAFF)၏ ထောက်ခံချက်ဖြင့် တိုက်ရိုက်တင်သွင်းနိုင်ခြင်းစသည့် ဆန်တင်သွင်းမှုလွယ်ကူချောမွေ့စေရေးမူဝါဒများကို ချမှတ်အကောင်အထည်ဖော်ထားသည်အား လေ့လာတွေ့ရှိရသည်။

**တောင်အာဖရိကနိုင်ငံ၏ဆန်အပေါ်အကောက်ခွန် ၀ % ခိုင်နှုန်းသတ်မှတ်ထားမှုဇယား**

**Data on MFN Applied Tariff, South Africa**

*Source: Based on notifications to the Integrated Database (IDB).*

| | HS subhdg | MFN Applied Tariff | | | | | | | | HS subheading 6-digit description |
|---|---|---|---|---|---|---|---|---|---|---|
| | | Number of TL | Number of AV duties | Average of AV Duties | Minimum AV Duty | Maximum AV Duty | Duty Free TL (%) | Number of Non-AV Duty | List of Distinct | |
| | (1) | (2) | (3) | (4) | (5) | (6) | (7) | (8) | (9) | (10) |
| 581 | 100510 | 1 | 1 | 0 | 0 | 0 | 100 | 0 | | Maize seed for sowing |
| 582 | 100590 | 2 | 2 | 0 | 0 | 0 | 100 | 0 | | Maize (excl. seed for sowing) |
| 583 | 100610 | 1 | 1 | 0 | 0 | 0 | 100 | 0 | | Rice in the husk, "paddy" or rough |
| 584 | 100620 | 1 | 1 | 0 | 0 | 0 | 100 | 0 | | Husked or brown rice |
| 585 | 100630 | 1 | 1 | 0 | 0 | 0 | 100 | 0 | | Semi-milled or wholly milled rice, whether or not polished |
| 586 | 100640 | 1 | 1 | 0 | 0 | 0 | 100 | 0 | | Broken rice |
| 587 | 100710 | 1 | 1 | 3 | 3 | 3 | 0 | 0 | | Grain sorghum, for sowing |

မူရင်းဇစ်မြစ်၊ WTO IDB

၉။ လက် ရှိတွင် တောင်အာဖရိကနိုင်ငံသို့ အဓိကဆန်တင်ပို့သည့်နိုင်ငံမှာ ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ဖြစ်သော်လည်း အိန္ဒိယနိုင်ငံအနေဖြင့် နှစ်စကတည်းက ယာယီကန့်သတ်မှုများ ရှိလာသည့်အတွက် တောင်အာဖရိကနိုင်ငံသို့ ဆန်တင်ပို့မှုကျဆင်းလာသည်။ ၂၀၁၅ ခုနှစ်ကတည်းက ဆန်တင်သွင်းမှုသည် အရေအတွက်အားဖြင့် ၁၂ ရာခိုင်နှုန်းနှင့် တန်ဖိုးအားဖြင့် ၂၁ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သည်။ အဆိုပါအခြေအနေသည် ဆန်တင်ပို့သောမြန်မာနိုင်ငံနှင့် အခြားနိုင်ငံများအတွက် တောင်အာဖရိကနိုင်ငံသို့ ဆန်ပိုမိုတင်ပို့နိုင်ရန်အခွင့်အလမ်းဖြစ်မည်ဖြစ် သည်။ တောင်အာဖရိကနိုင်ငံအပြင် အခြားတောင်ဘက်ပိုင်း အာဖရိကနိုင်ငံများသည်လည်း ဆန်အသားတင် တင်သွင်းသည့်နိုင်ငံများဖြစ်သည့်အတွက် ဆန်ဈေးကွက် အလားအလာကောင်းသောဈေးကွက်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ဈေးအနည်းဆုံးဖြင့် တင်ပို့နိုင်သည့် အတွက်ရေရှည် တောင်အာဖရိကနိုင်ငံသို့ ဆန်များစွာတင်ပို့နိုင်သည့်အလားအလာရှိသောနိုင်ငံ ဖြစ်သော်လည်း ဈေးကွက် ခိုင်မာစွာရရှိနိုင်ရန် တောင်အာဖရိကစားသုံးသူများ၏ ကြိုက်နှစ်သက်သည့်ဆန် (ပြုတ်ဆန်) ပိုမိုထုတ်လုပ်နိုင်ရေးနှင့် အခြားဆန်တင်သွင်းနိုင်သောနိုင်ငံများနှင့် ဈေးကွက်တွင်းယှဉ်ပြိုင်နိုင်ရေး ကြိုးပမ်းသွားရမည်ဖြစ်သလို အရည်အသွေးပြည့်မီအောင် ဆောင်ရွက်နိုင်ခြင်းသည်လည်း အရေးကြီးဆုံးအချက်ဖြစ်ကြောင်း လေ့လာတင်ပြအပ်ပါသည်။

**တောင်အာဖရိကနိုင်ငံ Spar supermarket တွင်ရောင်းချနေသော parboiled rice များ**




၁၀။ မြန်မာနိုင်ငံ၏ဆန်ကုန်သည်များနှင့် အခြားစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် တောင်အာဖရိကနိုင်ငံဈေးကွက်သို့ ကုန်ပစ္စည်းတင်ပို့မှုနှင့် ကုန်ပစ္စည်းတင်သွင်းမှုဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရန်အတွက် တောင်အာဖရိကနိုင်ငံ၊ ပရီတိုးရီးယားမြို့ရှိ မြန်မာသံရုံးတွင် တာဝန်ထမ်းဆောင်နေသော စီးပွားရေးသံမှူး၊ ဦးကျော်ဆန်းအား email: ec.pretoria@myantrade နှင့် ရုံးဖုန်း ၀၀၂၇ ၀၁၂၃၄ ၁၂၅၅၆၊ လက်ကိုင်ဖုန်း ၀၀၂၇ ၇၆၃၉၄၉၁၉၉ သို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ပါကြောင်းတင်ပြအပ်ပါသည်။

<u>ကျမ်းကိုးစာရင်း</u>


- https://www.wto.org/english/thewto_e/countries_e/south_africa_e.htm
- Covid-19 temporary trade restrictions on rice and the implications for South Africa, NAMC journal
- “Rice imports in Southern Africa” written by Dr.Moses H Lubinga, Senior Economist: Trade Research, National Agricultural Marketing Council